# ကျောင်း/ ကျောင်းတိုက်အသစ်များ ဆောက်လုပ်ခြင်းကိစ္စ

## ညွှန်ကြားလွှာအမှတ် (၂၁)

**(-၄၊ ၂၊ ၄၃)**

**(၂၂၊ ၅၊ ၈၁)**

၁။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် လိုအပ်မှုမရှိဘဲ မိမိတို့သဘောအရ ဖြစ်စေ၊ ဒါယကာများ၏ လျှောက်ထားချက်အရဖြစ်စေ၊ ရှိရင်းစွဲကျောင်း/ ကျောင်းတိုက်များမှ သီးခြားခွဲ၍ ကျောင်း/ကျောင်းတိုက် အသစ်များဆောက်လုပ်ခြင်းသည် ဒေသအတွင်းရှိ ဒါယကာများအတွင်း၌ ဖြစ်စေ၊ ရဟန်းသံဃာတော်များအတွင်း၌ဖြစ်စေ အချင်းချင်း မညီမညွတ်ဖြစ်ခြင်း၊ စိတ်ဝမ်းကွဲပြားခြင်း၊ ပဋိပက္ခဖြစ်ပွားခြင်း၊ စည်းလုံးညီညွတ်မှု ပျက်ပြားခြင်းစသည့် အပြစ်များကို ဖြစ်စေနိုင်သောကြောင့် ထိုကဲ့သို့ ကျောင်း/ ကျောင်းတိုက်အသစ်များ ဆောက်လုပ်ခြင်းမျိုး မပြုရေးအတွက်ဆိုင်ရာ ရဟန်းတော် များအားဆုံးမသြဝါဒပေးကြပါရန် ညွှန်ကြားလိုက်ပါသည်။

၂။ ညီညွတ်ရေးပျက်ပြားမှု စိတ်ဝမ်းကွဲပြားမှုမရှိဘဲ လိုအပ်မှုရှိ၍ ကျောင်း/ ကျောင်းတိုက်အသစ် ဆောက်လုပ်ရာ၌လည်း ကျောင်းထိုင်ဆရာတော်သည် ကျောင်းထိုင်အင်္ဂါအရည်အချင်းပြည့်ဝပြီး ရပ်ရွာ ဒယကာ၊ ဒါယိကာမ အများစုက ကြည်ညိုမှုရှိမှသာလျှင် မြို့နယ်သံဃနာယကအဖွဲ့က ခွင့်ပြုရမည် ဖြစ်ကြောင်း ထပ်ဆင့်ညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တရေဝတ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝဏ္ဏသိရီ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်